## ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Standard Operating Procedure – SOP)

စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လုပ်ငန်းတာဝန်များအရ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဖြည့်ဆည်းမှု ကွင်းဆက်တစ်ခုလုံးအား စနစ်တကျကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ရာ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင် ပိုမိုစနစ်တကျရှိစေရန်အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်အား ခွင့်ပြုထုတ်ပေးရမည် ဖြစ်ပါသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်
ခွင့်ပြုထုတ်ပေးဆောင်ရွက်ရမည့် ကိစ္စရပ်များ

(၁) တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးရှိ ဆီသယ်ယာဉ်(Bowser)နှင့် ဆီသယ်နောက်တွဲယာဉ်(Tank Trailer) ပိုင်ရှင်များသည် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း လုပ်ငန်းဆောင်ရွက်လိုပါက ပူးတွဲပါ လျှောက်လွှာပုံစံနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ရုံးချုပ် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင် (မိတ္တူ)

(ခ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ)

(ဂ) သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်ပြုမိန့် (မိတ္တူ) သို့မဟုတ် လျှောက်ထားဆဲဖြစ်ကြောင်း အထောက် အထား

(ဃ) မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံများ

(င) GPS တပ်ဆင်ပြီးစီးမှု အထောက်အထား

(၂) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ပုဂ္ဂလိကလုပ်ငန်းရှင်/ ကုမ္ပဏီအဖွဲ့အစည်းများ၏ ဆီသယ်ယာဉ်(Bowser)နှင့် ဆီသယ်နောက်တွဲယာဉ် (Tank Trailer) များအတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ်လျှောက်ထားလာပါက အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးရမည်-

(က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ပါရှိပြီး သက်တမ်းတိုးမြှင့်ပြီး ဖြစ်ရမည်။

(ခ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းလိုင်စင်ရရှိပြီး သက်တမ်းရှိသောလိုင်စင် ဖြစ်ရမည်။

(ဂ) သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်ပြုမိန့်ပါရှိပြီး သက်တမ်းရှိသော ခွင့်ပြုမိန့် ဖြစ်ရမည်။ (သို့မဟုတ်) သတ္တုတွင်းဦးစီးဌာနသို့ လျှောက်ထားဆဲအထောက်အထား ပါရှိရမည်။

(ဃ) ယာဉ်မောင်းနှင်သူသည် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဖွင့်လှစ်သော ဆီသယ်ယာဉ်ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းတက်ရောက်ပြီး သင်တန်းဆင်းလက်မှတ် မိတ္တူ ပါရှိရမည်။ (သို့မဟုတ်) သင်တန်းဖွင့်လှစ်ပါက တက်ရောက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိ တင်ပြစာ ပါရှိရမည်။

(င) ခွင့်ပြုထားသည့်ရေနံထွက်ပစ္စည်းကိုသာ သယ်ယူပို့ဆောင်ရမည်။

(၃) သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိကြောင်း စစ်ဆေးတွေ့ရှိရပါက သက်တမ်း(၁)နှစ်ရှိ ရေနံနှင့်ရေနံထွက် ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်အား ခွင့်ပြုထုတ်ပေးရမည်ဖြစ်ပြီး စွမ်းအင်ဝန်ကြီး ဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူထားရှိရမည်။

(၄) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ရရှိထားသည့်ဆီသယ်ယာဉ် (Bowser) နှင့် ဆီသယ်နောက်တွဲယာဉ် (Tank Trailer) တို့၏ ပိုင်ရှင်သည် ရေနံနှင့်ရေနံထွက် ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် သက်တမ်းမကုန်ဆုံးမီ (၂) လအတွင်း သက်တမ်း ဆက်လက် တိုးမြှင့်နိုင်ရန်အတွက် ရုံးချုပ် သို့မဟုတ် နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ် စစ်ဆေးရေးအရာရှိရုံးသို့ တင်ပြလျှောက်ထားရမည်။

(၅) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသည် သက်ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်/ ကုမ္ပဏီအဖွဲ့အစည်းများမှ ဆီသယ်ယာဉ် (Bowser) နှင့် ဆီသယ်နောက် တွဲယာဉ် (Tank Trailer) များအတွက် ခွင့်ပြုထုတ်ပေးထားသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူ ပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်ထားလာပါက သတ်မှတ်ချက် များနှင့် ကိုက်ညီမှုရှိ/မရှိစိစစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရေနံထွက်ပစ္စည်းကြီးကြပ် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သို့ ထောက်ခံတင်ပြရမည်။

(၆) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ် လက်မှတ် သက်တမ်းတိုးမြှင့်ခွင့်ပြုရန် ထောက်ခံတင်ပြလာပါက ဆက်လက်စိစစ်၍ သတ်မှတ်ချက် များနှင့် ကိုက်ညီပါက သက်တမ်း (၁)နှစ် ဆက်လက်တိုးမြှင့်ခွင့်ပြုမည်။

(၇) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် သက်တမ်းကျော်လွန်သော ယာဉ် များ၏ သက်တမ်းတိုးကာလအား ထုတ်ပေးစဉ်ကပါရှိသည့် သက်တမ်းကုန်ဆုံးရက်၏ နောက် တစ်ရက်မှ

စတင်၍သာ သက်တမ်း (၁) နှစ်တိုးမြှင့် ထုတ်ပေးရမည်။ သက်တမ်းကုန်ဆုံးရက်နှစ်ကျော်လွန်သောယာဉ်များ သက်တမ်းတိုး လျှောက်ထားလာပါက ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် အချိန်မီ သက်တမ်းတိုးရန် ပျက်ကွက်မှု ဒဏ်ကြေးနှင့်သက်တမ်းကျော်လွန်သောနှစ်များအတွက်ပါ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်ကြေး ကောက်ခံရမည်။

(၈) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ပျက်စီး/ ပျောက်ဆုံးပါက မူလလျှောက်ထားသည့် ပုံစံအတိုင်း ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) သို့မဟုတ် နီးစပ်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသို့ ပြန်လည်လျှောက်ထား ရမည်။ ပျောက်ဆုံးဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့၏ ထောက်ခံချက်နှင့်အတူ လျှောက်ထား ရမည်။

(၉) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ပျက်စီး/ပျောက်ဆုံး၍ အသစ်ပြန်လည်လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိစိစစ်၍ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ်အား အသစ်ပြန်လည် ထုတ်ပေးရမည်။

(၁၀) ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီအဖွဲ့အစည်းများသည် ဆီသယ်ယာဉ် (Bowser) နှင့် ဆီသယ်နောက်တွဲယာဉ် (Tank Trailer) များအတွက် ထုတ်ပေးထားသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်အား လုပ်ငန်းဆောင်ရွက်ခြင်းမပြုတော့ပါက ဌာနသို့ ပြန်လည်အပ်နှံရမည်။

(၁၁) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်၏ သက်တမ်း(၁)နှစ် ကျော်လွန်ပါက ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်စာရင်းမှ ပယ်ဖျက်ရမည်။

(၁၂) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်နှုန်းထားများအား အောက်ဖော်ပြပါအတိုင်း ကောက်ခံရမည်-

| | |
|---|---|
| (က) ရေနံနှင့်ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ် (အသစ်/ကနဦး) | ၂၀,၀၀၀ကျပ် |
| (ခ) ရေနံနှင့်ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ် သက်တမ်းတိုးကြေး | ၂၀,၀၀၀ ကျပ် |
| (ဂ) ပြောင်းလဲပြင်ဆင်(ပိုင်ရှင်အမည်ပြောင်း၊ ခေါင်းပြောင်း၊တွဲပြောင်း၊ ဂါလန်ပြောင်း) | ၆၀,၀၀၀ ကျပ် |

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း

ကြီးကြပ်လက်မှတ်ပျက်စီး/ပျောက်ဆုံးဒဏ်ကြေး

(သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးကြေး

အပါအဝင်ပေးသွင်းရန်) ၁၀၀,၀၀၀ ကျပ်

(င) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း

ကြီးကြပ်လက်မှတ် အချိန်မီသက်တမ်းတိုးရန်

ပျက်ကွက်မှု (၁)ရက်အတွက်ရက်လွန်ဒဏ်ကြေး ၅,၀၀၀ ကျပ်

(စ) နှစ်လွန်ဒဏ်ကြေး

-(၁)နှစ်ကျော်လွန် ဒဏ်ကြေး ၁,၀၀၀,၀၀၀ ကျပ်

-(၂)နှစ်ကျော်လွန်ဒဏ်ကြေး ၂,၀၀၀,၀၀၀ ကျပ်